လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများကွန်ယက်
**Human Rights Defenders and Promoters Network (HRDP)**
**Yangon, Myanmar**

နေ့စွဲ - ၁၊ ၈၊ ၀၇

# ကြေညာချက်

လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ လူ့အခွင့်အရေးကြေညာစာတမ်းပါ အခြေခံ လူ့အခွင့်အရေးများနှင့် လွပ်လပ်ခွင့်များကို လူတိုင်း သိရှိလက်ခံကျင့်သုံးလာစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

မည်သည့်အစိုးရ၊ မည်သည့်နိုင်ငံရေးပါတီတို့၏ အကျိုးစီးပွားကိုမျှ ဆောင်ရွက်မည်မဟုတ်သလို၊ ၎င်းတို့၏ ပျက်စီးရာ ပျက်စီးကြောင်းကိုလည်း ဆောင်ရွက်မည်မဟုတ်ပေ။

လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများသည် အထက်ပါရည်ရွယ်ချက်အရ လူ့အခွင့်အရေးကြေညာစာတမ်းပါ အချက်အလက်များ မြန်မာလူ့အဖွဲ့အစည်းအတွင်း ပျံ့နှံ့စေရန် အသိပေးဖြန့်ဝေခြင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖေါ်ထုတ်ကူညီဆောင်ရွက်ခြင်း စသည့်လုပ်ငန်းစဉ် (၂)ရပ်ကို အကောင်အထည်ဖေါ်ဆောင် ရွက်လျှက်ရှိသည်။

အထက်ပါ လုပ်ငန်းစဉ်များနှင့်အညီ လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများသည် ၂၀၀၇ ခုနှစ်၊ ဇူလိုင်လ (၉) ရက်နေ့တွင် ပဲခူးတိုင်း၊ ပြည်မြို့သို့ သွားရောက်၍ လူ့အခွင့်အရေးကြေညာစာတမ်းနှင့် ပတ်သက်၍ ဒေသခံများ အား ဖြန့်ဝေဆွေးနွေးခဲ့ကြသည်။ ၎င်းလူ့အခွင့်အရေး ဆွေးနွေးပွဲပြုလုပ်ရာ အိမ်ရှင်ဖြစ်သူ ကိုမင်းမင်း (ခ) ကိုလမင်းထွန်းအား ၁၀၊ ၇၊ ၂၀၀၇ နေ့တွင် ဖမ်းဆီးခဲ့သည်။ ၃၀၊ ၇၊ ၂၀၀၇ နေ့တွင် ပြည်မြို့နယ်တရားရုံးက ကျူးရှင်ပုဒ်မ (၂)ခုအရ အမြင့်ဆုံး အပြစ်ဒဏ်၊ ထောင်ဒဏ် (၃)နှစ်နှင့် ဒဏ်ငွေ (၃၀,၀၀၀)ကျပ်ကို ကျခံစေခဲ့သည်။

အလားတူ ၁၈၊ ၄၊ ၂၀၀၇ နေ့တွင် ဧရာဝတီတိုင်း၊ ဟင်္သာတမြို့နယ်သို့သွားရောက်၍ လူ့အခွင့်အရေးကြေညာ စာတမ်းအား ဒေသခံများနှင့် ဆွေးနွေးပြီးအပြန် အုတ်ပုံကျေးရွာမှအထွက်တွင် အာဏာပိုင်များက စည်းရုံးသိမ်းသွင်းထား သည့် လူတစု၏ အကြမ်းဖက်ရိုက်နှက်မှုကို ခံခဲ့ရသည့် ရိုက်နှက်ခံရသူတဦးနှင့် ဆွေးနွေးပွဲများဖြစ်မြောက်ရန် ကူညီ ဆောင်ရွက်ပေးသည့် ရွာသား (၅)ဦးအား ၂၄၊ ၇၊ ၂၀၀၇ ရက်နေ့တွင် ပုဒ်မ ၅၀၅ (ခ)၊ ၅၀၅ (ဂ) တို့ဖြင့် ဟင်္သာတမြို့နယ် တရားရုံးမှ အမြင့်ဆုံး ပြစ်ဒဏ်အသီးသီး ချမှတ်ခဲ့သည်။

ထို့ပြင် ၁၃၊ ၈၊ ၂၀၀၆ နေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ ကွမ်းဟိန်းမြို့နယ်တွင် လူ့အခွင့်အရေးကာကွယ်မြှင့်တင် သူများအား လက်ခံတည်းခိုခွင့်ပြုခဲ့သည့် အိမ်ရှင် ဒေါ်သိန်းသိန်း၏မြေး မူလတန်းပြဆရာမ ဒေါ်မေသီဟန်အား အလုပ်မှ ထုတ်ပစ်ခဲ့သည်။

အထက်ပါဖြစ်စဉ်များကို သုံးသပ်ကြည့်လျှင် ပြည်သူလူထုအတွင်း လူ့အခွင့်အရေးကို နားလည်လက်ခံမှု ရှင်သန် ကြီးထွားမလာစေရန်နှင့် လူ့အခွင့်အရေးသမားများကို လက်မခံရဲစေရန် အစီအစဉ်ရှိရှိဖြင့် လုပ်ဆောင်နေသည်ကို တွေ့ရ ပေသည်။

သို့ဖြစ်ပါ၍ ၎င်းသဘောထားနှင့် လုပ်ရပ်များအား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလိုက်သည်။

လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအနေဖြင့် အခက်အခဲ၊ အတားအဆီး၊ အပိတ်အဆို့များကြားမှ မိမိတို့၏ ရည်ရွယ်ချက်ရှိသည့်အတိုင်း လူ့အခွင့်အရေး ကာကွယ်ခြင်း၊ မြှင့်တင်ခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ကြေညာလိုက်သည်။

**လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများ (H.R.D.P)**